# စာချုပ်များ
# ထုတ်ပြန်ဖွင့်ပြခြင်း



EXTRACTIVE INDUSTRIES
TRANSPARENCY INITIATIVE
(EITI) ၏ သတ်မှတ်ချက် အသစ်ကို
အကောင်အထည်ဖော်ရေး
လမ်းညွှန်ချက်


# မိတ်ဆက်

အစိုးရများ နှင့် ရေနံနှင့် ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီများကြား ချုပ်ဆိုသည့် စာချုပ်များ ထုတ်ပြန်ဖွင့်ပြခြင်းသည် ကမ္ဘာတစ်ဝှမ်းတွင် စံနှုန်းတစ်ခုအဖြစ် အလျှင်အမြန် သတ်မှတ်လာကြပြီဖြစ်သည်။ ၂၀၂၁ မှစ၍ စာချုပ် ထုတ်ပြန်ဖွင့်ပြခြင်းသည် EITI အကောင်အထည် ဖော်နေသည့် နိုင်ငံတိုင်းအတွက် သတ်မှတ်ချက်တစ်ခု ဖြစ်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ဓာတ်သတ္တု တူးဖော်ရေးဆိုင်ရာ စာချုပ်များ ဖွင့်ပြသင့်သည့် အကြောင်းအရင်း၊ မည်သို့ ထုတ်ပြန်နိုင်ပုံကို ယခုစာအုပ်ငယ်တွင် တင်ပြထားပါသည်။

## စာချုပ် ထုတ်ပြန်ဖွင့်ပြခြင်းသည် ကမ္ဘာတစ်ဝှမ်း လက်ခံလာကြသည့် စံနှုန်းတစ်ခု ဖြစ်သည်။


ရေနံနှင့် ဓာတ်သတ္တု တူးဖော်ခြင်းဆိုင်ရာ စာချုပ်များကို ဖွင့်ပြသည့်နိုင်ငံ အနည်းဆုံး ၄၄ နိုင်ငံ ရှိပြီဖြစ်သည်။ EITI အကောင်အထည်ဖော်နေသည့် နိုင်ငံ တစ်ဝက်ကျော် သည်လည်း စာချုပ်ဖွင့်ပြမှုများ ပြုလုပ်ထားသည်။



- ရေနံ သို့မဟုတ် သတ္တုတူးဖော်ရေး စာချုပ်များ ထုတ်ပြန်ထားသည့် နိုင်ငံများ
- ရေနံ သို့မဟုတ် သတ္တုတူးဖော်ရေး စာချုပ်များ ထုတ်ပြန်ထားခြင်း မရှိသေးသည့် နိုင်ငံများ

**အရင်းအမြစ်** - NRGI Contract Transparency Tracker, https://docs.google.com/spreadsheets/d/1FXEeD43jw6VYHV8yS-8KJ5-rR5l0XtKxVQZBWzr-ohY/edit#gid=0

ရေနံ သို့မဟုတ် သတ္တုတူးဖော်ရေး စာချုပ်များ ဖွင့်ပြရန် ဥပဒေမူဘောင်တွင် ထည့်သွင်း သတ်မှတ်ထားသည့် နိုင်ငံအရေအတွက်မှာ မကြာသေးမီနှစ်များ အတွင်း သိသိသာသာ တိုးတက်လာသည်။ လက်ရှိတွင် ထည့်သွင်း သတ်မှတ်သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံအထိ ရှိလာပြီဖြစ်သည်။




အရင်းအမြစ် - NRGI Contract Transparency Tracker, https://docs.google.com/spreadsheets/d/1FXEeD43jw6VYHV8yS-8KJ5-rR5l0XtKxVQZBWzr-ohY/edit#gid=0

## စာချုပ်များ ထုတ်ပြန်ဖွင့်ပြရန်မှာ EITI သတ်မှတ်ချက် ဖြစ်လာသည်။

EITI စံနှုန်း ၁.၅ နှင့် ၂.၄ အရ အဖွဲ့ဝင်နိုင်ငံများသည် –

- ၂၀၂၁ ဇန်နဝါရီလ ၁ ရက်နေ့နောက်ပိုင်း စာချုပ်ချုပ်ဆို (သို့) ပြင်ဆင်သည့် သယံဇာတ တူးဖော်ရေး စာချုပ်နှင့် လိုင်စင်များ (စာသားအပြည့်အစုံ၊ နောက်ဆက်တွဲများနှင့် ပြင်ဆင်ချက်များ အပါအဝင်) ကို ထုတ်ပြန်ရမည်။
- ချုပ်ဆိုထားပြီး အသက်ဝင်ဆဲ စာချုပ်များစာရင်းကို ထုတ်ပြန်ရမည်။ ထို့ပြင် ထုတ်ပြန်ထားသည့် စာချုပ်၊ မထုတ်ပြန်ရသေးသည့် စာချုပ်ဟူ၍ ခွဲခြား သတ်မှတ်ထားသည့် စာရင်းကို ထုတ်ပြန်ရမည်။
- တစ်နှစ်စာ လုပ်ငန်းအစီအစဉ်တွင် စာချုပ်များ ဖွင့်ပြရန် မည်သို့ ဆောင်ရွက်မည်ကို ထည့်သွင်းထားရမည်။

၂၀၂၁ အရှေ့ပိုင်းတွင် ချုပ်ဆိုထားသည့် အသက်ဝင်ဆဲ စာချုပ်များ အားလုံးကိုလည်း အပြည့်အစုံ ထုတ်ပြန်ရန် တိုက်တွန်းထားသည်။



# စာချုပ်များ ထုတ်ပြန်ဖွင့်ပြသင့်သည့် အကြောင်းအရင်း

စာချုပ်များ ထုတ်ပြန်ဖွင့်ပြခြင်းဖြင့် အစိုးရ၊ ကုမ္ပဏီများ နှင့် နိုင်ငံသားများအတွက် ကောင်းကျိုးများ ဖြစ်ပေါ်စေသည်။



## အစိုးရ၊ ကုမ္ပဏီများကို နှစ်ဦးနှစ်ဖက် မျှတသည့် စာချုပ်များ ဖော်ဆောင်ရန် တွန်းအားပေးသည်။

စာချုပ်များကို အများပြည်သူ သိသာစေရန် ထုတ်ပြန်မည်ကို စာချုပ်ညှိနှိုင်းသူများ သိထားသည်ဆိုပါက အားလုံးအတွက် မျှတသည့် သတ်မှတ်ချက်များကို ထည့်သွင်းရန် တွန်းအားဖြစ်စေသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စာချုပ်များ ပြန်လည်ပြင်ဆင်ရခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်ပြီး ပို၍ တည်ငြိမ်သည့် ရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းကို ဖြစ်စေမည်။



## တာဝန်ရှိသူများသည်လည်း ၎င်းတို့ တာဝန်များကို ပို၍ ထိရောက်စွာ ဆောင်ရွက်နိုင်မည်။

စာချုပ်များ ထုတ်ပြန်ဖွင့်ပြခြင်းဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကုမ္ပဏီများ လိုက်နာရမည့် အချက်အလက်များကို သိရှိသွားမည်ဖြစ်သည်။ အထူးသဖြင့် ကုမ္ပဏီများ ပေးသွင်းရမည့် အခွန်ပမာဏ တွက်ချက်ရာတွင် စာချုပ်ပါ အချက်အလက်များ သိထားရန် အလွန် အရေးကြီးသည်။



## ပြည်သူများသည် စောင့်ကြည့် ထိန်းကျောင်းမှုများ ပြုလုပ်နိုင်မည်၊ တာဝန်ခံမှုများ ပေါ်ပေါက်လာမည်။

စာချုပ်များ ထုတ်ပြန်ခြင်းဖြင့် ပြည်သူများသည် အစိုးရနှင့် ကုမ္ပဏီများကို တာဝန်ခံမှုများ တောင်းဆိုနိုင်မည်ဖြစ်သည်။ အစိုးရသည် ဥပဒေစည်းကမ်းများကို စနစ်တကျ အကောင်အထည် ဖော်နိုင်၊ ကုမ္ပဏီများကို မျှတစွာဖြင့် တသမတ်တည်း ဆက်ဆံနိုင်ရန် အထောက်အကူ ဖြစ်စေသည်။

# စာချုပ်ထုတ်ပြန် တင်ပြခြင်းနှင့် ဆိုင်သည့် ယူဆချက် အမှားများ

၁ **ယူဆချက်အမှား**

စာချုပ်များ ထုတ်ပြန်ခြင်းသည် ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေသည်။

> *ယူဆချက်အမှန်* | *ကုမ္ပဏီအနေဖြင့် စာချုပ်လက်မှတ်ထိုးပြီးပါက ထုတ်ပြန်ခြင်းကြောင့် အကျိုးမယုတ်ပါ။ Total Myanmar ၏ စာချုပ်ကို မည်သူမဆို လေ့လာနိုင်ရန် ထုတ်ပြန်ထားပြီး ကုမ္ပဏီကို ဆိုးကျိုးဖြစ်စေမှု မရှိပါ။*

၂ **ယူဆချက်အမှား**

လျှို့ဝှက်ထားခြင်းသည် စီးပွားရေး စံနှုန်းများနှင့် ကိုက်ညီသည်။

> *ယူဆချက်အမှန်* | *ကုမ္ပဏီများသည် စာချုပ်များ ပွင့်လင်းမြင်သာမှု တန်ဖိုးကို သိထားကြသည်။ ကမ္ဘာ့အကြီးဆုံး ရေနံနှင့် ဓာတ်သတ္တု တူးဖော်ရေး ကုမ္ပဏီပေါင်း ၁၈ ခုနီးပါးသည် စာချုပ်များ ထုတ်ပြန်ရေးကို ထောက်ခံကြသည်။ မြန်မာနိုင်ငံတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံထားသူအချို့လည်း ပါဝင်ထောက်ခံကြသည်။*

၃ **ယူဆချက်အမှား**

စာချုပ်တွင် ဖော်ပြထားသည့် လျှို့ဝှက်ချက်ဆိုင်ရာ စာပိုဒ်နှင့် ဥပဒေ သတ်မှတ်ချက်ကြောင့် ထုတ်ပြန်နိုင်ခြင်း မရှိပါ။


> *ယူဆချက်အမှန်* | *လျှို့ဝှက်ချက်ဆိုင်ရာ အပိုဒ်သည် စီမံကိန်းဆိုင်ရာ အချက်အလက်များအတွက်သာ ဆိုင်ပြီး အစိုးရ၏ စာချုပ်ထုတ်ပြန်ခြင်းကို တားဆီး၍ မရပါ။ အစိုးရ၏ စာချုပ်များ ထုတ်ပြန်ခွင့်ကို မြန်မာ့ ဥပဒေအရလည်း ကန့်သတ်ထားခြင်း မရှိပါ။*

## မြန်မာနိုင်ငံတွင် ထုတ်ပြန်ရမည့် စာချုပ်များ

မြန်မာအစိုးရသည် သဘာဝ သယံဇာတ စမ်းသပ်ရှာဖွေ တူးဖော်ထုတ်လုပ်ခွင့် ရရှိသည့် ကုမ္ပဏီများနှင့် ချုပ်ဆိုသည့် စာချုပ်အားလုံး ထုတ်ပြန်သင့်သည်။



ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ခွဲဝေခြင်း စာချုပ်များ



ရေနံနှင့် သဘာဝဓာတ်ငွေ့ ပို့ဆောင်ခြင်း (ဥပမာ ပိုက်လိုင်း) စာချုပ်များ



ဓာတ်သတ္တု စမ်းသပ်ရှာဖွေခြင်း၊ ဖြစ်နိုင်ချေ လေ့လာခြင်း၊ ထုတ်လုပ်ခြင်း ခွင့်ပြုမိန့်များ



ကျောက်စိမ်းနှင့် ကျောက်မျက် ပုဂ္ဂလိက နှင့် အကျိုးတူ ထုတ်လုပ်မှု ခွင့်ပြုမိန့်များ



ပုလဲထုတ်လုပ်မှု ခွင့်ပြုမိန့်များ



သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စာရွက်စာတမ်းများ (ဥပမာ သဘာဝပတ်ဝန်းကျင် သက်ရောက်မှု စစ်တမ်း)

## ၂၀၂၁ ဇန်နဝါရီလ အမှီ EITI သတ်မှတ်ချက်ကို မည်သို့ အကောင်အထည် ဖော်မည်နည်း။

၁ EITI လုပ်ငန်းစဉ်များမှတစ်ဆင့် အကောင်အထည် ဖော်ရေး အစီအစဉ်ကို အတည်ပြုပါ။

၂ အသက်ဝင်ဆဲ စာချုပ်များစာရင်း ထုတ်ပြန်ပါ။

၃ အသစ်ချုပ်ဆိုသည့် စာချုပ်တိုင်းတွင် စာချုပ်ထုတ်ပြန်ခြင်းကို ဖြစ်ပေါ်စေမည့် သတ်မှတ်ချက်များ မပါမဖြစ် ထည့်သွင်းပါ။

၄ အနာဂတ်တွင် ပြုလုပ်မည့် ခွင့်ပြုမိန့် ပေးသည့် လုပ်ငန်းစဉ်များတွင် စာချုပ်ထုတ်ပြန်ဖွင့်ပြခြင်းကို သတ်မှတ်ချက်တစ်ခုအဖြစ် ထည့်သွင်းပါ။

၅ ၂၀၂၁ ဇန်နဝါရီလ နောက်ပိုင်း ချုပ်ဆိုသည့် စာချုပ်များကို ထုတ်ပြန်ပါ။

၆ စာချုပ်များ အလွယ်တကူ လေ့လာနိုင်အောင် ဆောင်ရွက်ပါ။

၇ ထုတ်ပြန်ဖွင့်ပြခြင်းကို ဥပဒေများနှင့် စည်းမျဉ်းများတွင် ထည့်သွင်းပါ။

၈ စာချုပ်များ အားလုံးကို ထုတ်ပြန်ဖွင့်ပြပါ။

(၇–၈) ထောက်ခံ အကြံပြုချက်

Natural Resource Governance Institute

The Natural Resource Governance Institute (NRGI) သည် လွတ်လပ်သော၊ အမြတ်အစွန်းကို အဓိကမထားသော အဖွဲ့ ဖြစ်ပါသည်။ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တုများမှ ရရှိသည့် အကျိုးအမြတ်များကို နိုင်ငံသားများ အပြည့်အဝ ခံစားနိုင်ရန် အတွက် သုတေသနများ ပြုလုပ်ခြင်း၊ မူဝါဒပိုင်း တိုက်တွန်းခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကြံပြုမှုများဖြင့် ပံ့ပိုးလျက်ရှိသည်။

အသေးစိတ်ကို **www.resourcegovernance.org.** တွင် ကြည့်ရှုနိုင်ပါသည်။

## ဆက်လက် လေ့လာလိုပါက

မြန်မာနိုင်ငံ၏ စာချုပ် ထုတ်ပြန်ဖွင့်ပြခြင်းနှင့်ဆိုင်သည့် အခြေအနေ အသေးစိတ်ကို Sebastian Sahla၊ Hosana Chay နှင့် Rob Pitman တို့ ရေးသားထားသည့် *How and Why the Myanmar Government Should Publish Petroleum and Mining Contracts* (Natural Resource Governance Institute, 2019) စာတမ်းတို ကို **www.resourcegovernance.org.** တွင် လေ့လာနိုင်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ရေနံနှင့် ဓာတ်သတ္တု စာချုပ်များဆိုင်ရာ အချက်အလက်များကို **www.resourcecontracts.org.** တွင် လေ့လာနိုင်ပါသည်။

Natural
Resource
Governance
Institute